

# အကျိုးပေးရာ အကြောင်းထင်တဲ့ internet ဝေါဟာရများ

**သူငယ်ချင်းတစ်ယောက် social media အကြောင်းမေးမြန်းရာက ဇာတ် လမ်းစပါတယ်။ သူက မေးတော့ ကိုယ်နေ့စဉ်လုပ်တာ တွေကိုစီကာပတ်ကုံး ပြောပြလိုက်ပါတယ်။**

ကိုယ်ရောက်ရှိနေတဲ့နေရာကို သူငယ်ချင်းတွေကို အသိပေးနိုင်အောင် Foursqure website ထဲကိုဝင်ရတာ၊ Twitter က Tweet စာလွှာတွေပို့တာ၊ Tumblr ပေါ်ရှိ "Mad Men" ဇာတ်လမ်းတွဲ နောက်ဆုံးအတက်ဝင်ခန်းတွေ သူငယ်ချင်းတွေနဲ့ အပေးအယူလုပ်ကြတာ၊ Instagramd ပေါ်က အထူးပြုပြင်ဖန်တီးချက်ရုပ်ပုံတွေကို လျှပ်တစ်ပြက်ခံစားတာတွေကို အားရပါးရ ပြောပြဖြစ်ပါတယ်။

ပြောတာကို နားထောင်ပြီးမှ သူငယ်ချင်းကခေါင်းကို တွင်တွင် ခါပါတယ်။ စာရေးသူသုံးနေကျ website တွေက သူနဲ့စိမ်းနေလို့ ခေါင်းခါတာတော့ မဟုတ်ပါဘူး။ စာရေးသူက စကားထူးစကားဆန်းတွေ ပြောနေလို့ဟု သူက ပြောပါတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ စာရေးသူပြောခဲ့တဲ့စကားက စကားထူး စကားဆန်းတွေ ဖြစ်နေတာအမှန်ပဲ။ ဒါပေမဲ့ အဲဒီစကားထူး စကားဆန်းတွေက ဘယ်ဘာသာစကားပါလဲ။

'Internet နယ်ပယ်သုံးဘာသာစကား' လို့ နာမည်ပေးလို့ရတဲ့ စကားတွေပါ။

ဒီနေ့ စာရေးသူတို့ internet နဲ့ လက်ပွန်းတတီးနေထိုင်ရင်း၊ ပြောကြတဲ့ စကားလုံးတွေ အသုံးအနှုန်းတွေက လွန်ခဲ့တဲ့နှစ်အနည်းငယ်ကလေးကဆို ဘယ်ဆီရောက်နေမှန်းမသိပါဘူး။ တချို့တလေကျတော့ ရှိပြီးသား မူရင်းအဓိပ္ပာယ်ကို ခွဲထွက်ပြီး ခေတ်ပေါ်အဓိပ္ပာယ်သစ်နဲ့ ဖြစ်လာကြပါတယ်။ The Oxford English Dictionary အဘိဓာန် က သူ့စကားလုံးတွေကို အပြောင်းအလဲတွေ လုပ်လာပါတယ်။ ဥပမာ "LOL" (laugh outloud) နဲ့ "OMG" (oh my God) လို ဝေါ ဟာရ သစ်တွေပါ။

ဒီလို စကားလုံးသစ်တွေ ထွက်လာရတာက ကုမ္ပဏီငယ်တွေက ရင်ထဲကိုထိရှနိုင်တဲ့ နာမည်ကလေးတွေ ရှာရှာဖွေဖွေပေးနေလို့ပဲ ဖြစ်ပါတယ်။ ရင်ထဲကို ထိရှပြီဆိုမှတော့ internet ပေါ်က စာရေးသူတို့ ကျင်လည်ဆောင်ရွက်ပုံအကြောင်း အသုံးအနှုန်းတွေက လူတိုင်းပါးစပ်ဖျားမှာ စွဲသွားဖို့ မခက်တော့ပါဘူး။ Online ဝန်ဆောင်မှုတစ်ခုနဲ့ ရာသက်ပန်တွဲပြီးမြင်စေမယ့် နာမည်တစ်ခုပေါ်ထွက်ရေးက သူ့ရဲ့ရှုမငြီးဖွယ် desgin ပုံစံဒါမှမဟုတ် အမျိုးမျိုးအထွေထွေဆောင်ရွက်နိုင်စွမ်း တန်းတူ အရေးပါပါတယ်။

ဒီနေရာမှာ နယူးယောက်မြို့မှာ ခရီးသွားလုပ်ငန်းကုမ္ပဏီ Wander ကို လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တစ်ဦးက လက်ဆုပ်လက်ကိုင် အောင်မြင်မှုတွေတစ်သီကြီးနဲ့ ကိုယ်ပိုင်အသုံးအနှုန်းတွေကို ထူထောင်ထားနိုင်တဲ့ Twitter ကို ဥပမာပြပါတယ်။

Twitter ကသုံးစွဲတဲ့ "Tweet" ဆိုတာက စာလွှာလွင့်တင်တာကို ပြောပါတယ်။ အမှန်က Tweet ဟာအများသိနေတဲ့ အသုံးအနှုန်းတစ်ခုဖြစ်နေပြီး ဒီ့ထက်မက ရှိပါသေးတယ်။ "Twitter က အသုံးအနှုန်းလေးတွေ ရှိပြီးသားဗျ" လို့ ထိုသူက ပြောပါတယ်။ "Follow" ၊ @ နဲ့ # တို့က Twitter မှာ သူ့ကိုယ်ပိုင်အဓိပ္ပာယ်နဲ့ သူရှိနေကြရုံမက၊ internet တစ်ခုလုံးနဲ့ ဒီ့ထက်မက ခရီးဆန့်နေကြပါပြီ။ "Twitter website မသုံးတဲ့ သူတွေတောင် သူတို့အဓိပ္ပာယ်တွေ သိနေကြပြီ" လို့ သူက ပြောပါသေးတယ်။

ဒီလုပ်ငန်းရှင်က သူ့ကုမ္ပဏီကို သူများနဲ့မတူခေချင်တဲ့ ရည်ရွယ်ချက်နဲ့ ထူးထူးခြားခြား အသုံးအနှုန်းကလေးတွေရွေးပြီး ကုမ္ပဏီကို တည်ထောင်ဖို့ကြိုးစားနေပါတယ်။

သူရွေးချယ်တဲ့အသုံးအနှုန်းသစ်ကို star mention (အမိုက်ကျတဲ့ ဖေါ်ပြပုံ ဖေါ်ပြနည်း) ဟု သူက နာမည်ပေးထားပါတယ်။ ခရေပွင့် သင်္ကေတကလေး (*) နှစ်ပွင့်ကို စားသောက်ဆိုင်တစ်ဆိုင် ဒါမှမဟုတ် မြို့တစ်မြို့ရဲ့ဘေးမှာ ထည့်ပေးထားပြီး၊ အဲဒီနေရာ (သူ့စကားအရ star mention နေရာ)ကို ကလစ်နှိပ်လိုက်ရင် ဒီစားသောက်ဆိုင်အကြောင်း၊ ဒီမြို့အကြောင်း သတင်းအချက်အလက်တွေ စုံစုံလင်လင်ရသွားပြီ။ "ဒါက သတင်းအချက်အလက်တွေပေးဖို့စီစဉ်ထားတဲ့ အခြေခံအကျဆုံးနည်းလမ်းပဲ" ဟု သူကပြောပါတယ်။ ဒါပေမဲ့ ဒါက တစ်နေ့မှာ လူတိုင်းဆီကို ရောက်လာမယ့် ကိစ္စဖြစ်လာမှာလို့ သူက မျှော်မှန်းထားပါတယ်။

ကိုယ်ရဲ့ကုမ္ပဏီတံဆိပ်၊ ရည်ရွယ်ချက်တို့နဲ့သဟဇာတဖြစ်မယ့် စကားလုံးတစ်ခုမွေးထုတ်နိုင်ရင် လူတွေ ကိုယ့်ကုမ္ပဏီကို မေ့လျော့မသွားအောင် လုပ်ထားနိုင်ပြီလို့ ရင်းနှီးမြှုပ်နှံသူတစ်ဦးက ပြောပြပါတယ်။

“ဆင်တူယိုးမှားကုမ္ပဏီတွေ ဝိုင်းဝိုင်းလည်နေတဲ့ လုပ်ငန်းနယ်ပယ် နေရာကြီးတစ်ခုထဲက ဘယ်ကုမ္ပဏီဈေးကွက်က ကိုယ်နဲ့သက်ဆိုင်နေသလဲဆိုတာ လူတွေက သိပ်သိချင်နေကြတာပါ။ ကိုယ်က လူအများသုံးနေတဲ့ ဝေါဟာရစကားတစ်လုံးကို ဆွဲထုတ်နိုင်ပြီး၊ အဲဒီစကားလုံး နဲ့ခွဲမရအောင် ဆက်စပ်နိုင်လိုက်ပြီဆိုလို့ကတော့ 'ငါနေရာမှာ ငါ့ဗိုလ်ပဲ ဟေ့' လို့ ပြောလိုက်တာနဲ့အတူတူပဲ" ဟု ထိုရင်းနှီးမြှုပ်နှံသူက ပြောပါတယ်။

Instagram နဲ့တခြားလူကြိုက်များတဲ့ ကုမ္ပဏီများစွာက နေ့ချင်းညချင်းအောင်မြင်ကြတာဟာ အဲ့ဒီလိုစိတ်ကူးကြောင့်လို့ ပြောကြပါတယ်။ Instagram ရဲ့ နာမည်က ဖျော့ဖျော့မှိန်မှိန် လက်ရာမြောက်ပိုလာရိုက်စ်ဓာတ်ပုံတစ်ပုံနဲ့ ချိတ်ဆက်ထားပါတယ်။

နေရာစုံအနှံ့ရောက် ကုမ္ပဏီတွေ၊ သူတို့ရဲ့ကိရိယာတွေက နေ့စဉ်သုံးစကားလုံးတွေထဲမှာ ရောက်ရှိပြီးဖြစ်ကြတာကို သိပြီးသားဖြစ်နေပါလိမ့်မယ်။ ဥပမာ– ရှာဖွေရေးအင်ဂျင် website တွေ တစ်လှေကြီးရှိတယ် ဆိုပေမယ့် "to Google"(Googleကို အသုံးပြုပါတယ်) ဆိုတဲ့ ကြိယာက အားလုံးထဲမှာ အထင်ပေါ်ဆုံးဖြစ်နေပါတယ်။ "Friending" ဆိုတဲ့ တခြားတစ်ပါးသူကို social net ပေါ်တွင် လက်ခံတဲ့ဆောင်ရွက်မှုလို့ အဓိပ္ပာယ်ရှိတဲ့စကားလုံးကလည်း အတူတူပါပဲ။ သို့ကြောင့် facebook က ပိုလို့ နာမည်ကြီးလာရပါတယ်။

ကုမ္ပဏီတွေက သူတို့တီထွင်သုံးစွဲလိုက်တဲ့နာမည်၊ ဒါမှမဟုတ် ရည်ရွယ်ချက်စာသားတစ်ခုက နေ့စဉ်သုံးစကားထဲမှာ တဖြည်းဖြည်း စိမ့်ဝင်သွားရေး 'ငါတို့အရေး' ဖြစ်နေပါတယ်။

ဥပမာ– Venmo mobile ငွေပေးချေကုမ္ပဏီတည်ထောင်သူတို့က နာမည်ကို တိုတိုနဲ့နားစွဲတဲ့စကားလုံးဖြစ်စေလိုကြပါတယ်။

တချို့စကားလုံးတွေက အဓိပ္ပာယ်သစ်နဲ့ ဖြစ်လာကြပါတယ်။ ဥပမာ– "like" နဲ့ "Fan" တို့က facebook ပေါ်မှာ လူပုဂ္ဂိုလ်တစ်ဦး၊ ပန်းချီဆရာတစ်ဦး၊ ဒါမှမဟုတ် စားသောက်ဆိုင်တစ်ခုအပေါ် ပုံမှန်စိတ်ဝင်စားတာကိုဖော်ပြတဲ့ စကားအသုံးအနှုန်းတွေဖြစ်လာပါတယ်။ "Internet နဲ့ သူ့ဝန်းကျင်ကဖြစ်လာတဲ့ အပြုအမူတွေဟာ ဒီလို အဓိပ္ပာယ်သစ်တွေ မြန်မြန်ထက်ထက် ပေါက်ဖွားလာတာပဲ" လို့ Venmo mobile ငွေပေးချေကုမ္ပဏီတည်ထောင်သူ တစ်ဦးကပြောပါတယ်။




ဒီနေ့ခေတ်တွင် တချို့ကုမ္ပဏီတွေက ဓာတ်ပုံဖလှယ်တာ၊ ဒါမှမဟုတ် သူငယ်ချင်းရှာဖွေတာ အဲ့ဒီလို သီးသန့်လုပ်ငန်းဦးတည်ချက် တစ်ခုနဲ့ လုပ်ကိုင်လာကြတာတွေ့ရပါတယ်။ "အဲဒီလို လုပ်ငန်းပုံစံသေးကလေးတွေနဲ့ ဝင်လာကြတာများလာပါတယ်။ ဒီတော့လုပ်ငန်းနဲ့ ကုမ္ပဏီဆက်စပ်ဖို့ မခက်တော့ဘူးပေါ့။ ဒီလိုလုပ်ငန်း အမျိုးအစားတစ်ခုတည်းက တစ်သမတ်တည်း တစိုက်မတ်မတ် ဦးတည်လိုက်တာတွေကလည်း ကျွန်တော်တို့ဝေါဟာရအသုံးအနှုန်းတွေ အဓိပ္ပာယ်ပြောင်းလဲတဲ့နှုန်းက ပိုမြန်လာတာပဲ။ ဒါပေမဲ့ စကားလုံးသစ်တွေ အတင်းဖောင်းသွင်းချင်တိုင်းလည်း အလုပ်ဖြစ်တာ မဟုတ်ဘူးဗျ" လို့ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ SV Angel ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။

"ဖြစ်ချင်ဇောနဲ့လုပ်ယူတာထက် သူ့ဟာသူဖြစ်လာတာကို စောင့်ကြည့်ခံစားတတ်ဖို့လိုသလို၊ လူသားတွေရဲ့တောင့်တမှုဆန္ဒကိုလည်း အလေးထားရပါမယ်။ စကားလုံးတစ်ခုခုခေတ်စားလာပြီဆိုရင် သူက Internet ဘာသာစကားထဲမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲနေရာယူနေပြီဖြစ်တဲ့ လူ့သားအပြုအမူတစ်ရပ် ဖြစ်နေလို့ပါပဲ" လို့ သူက ပြောပါသေးတယ်။

"ဒီနေရာမှာ မခံစားတတ်လို့ အဆင်မပြေသူတွေများပါတယ်။ ဒါဟာ ကုမ္ပဏီကဇွတ်လုပ်တိုင်း ရတာမဟုတ်ဘူးဗျ။ သူဟာသူဖြစ်လာတာ။ ကုမ္ပဏီတစ်ခုက သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်ထဲကို ထိုးဖောက်ဝင်ရောက်နိုင်တဲ့ နည်းလမ်းသစ်ကိုဖန်တီးနိုင်လို့ သူ့ကုသိုလ်နဲ့သူဖြစ်လာတာ" လို့ အထက်ပါရင်းနှီးမြှုပ်နှံသူက ပြောပါတယ်။

Google ကြိယာနေရာက Bing နဲ့အစားထိုးဖို့ Microsoft က ကြိုးစားပုံက သူပြောသလို ဖြစ်နေပါတယ်။ လူကြိုက်များတဲ့ အမေရိကန် ဒရာမာဇာတ်လမ်းတွဲ "Gossip Girl" မှာ Microsoft က ပိုက်ဆံပေးပြီး ဇာတ်လမ်းတွဲသရုပ်ဆောင်တွေကို "Bing it!" "Bing it!" (Bing ကို သုံးပြီး အဲဒါကို ရှာဖွေပါဆိုတဲ့အဓိပ္ပာယ်)ဆိုပြီး ဇွတ်ပြောခိုင်းနေပါတယ်။ နောက်ဆုံးတော့ လူရယ်စရာ ဖြစ်သွားပါတယ်။ ■

ဇေလျှ